# နနွင်းတွင် ကျရောက်တတ်သော ရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများ

**၃။ ခါးရိုးရောဂါ** (Damping-off Disease, Stem Rot Disease, Rhizome Rot Disease)

**ရောဂါဖြစ်စေသောသက်ရှိ** : *Pythium aphanidermatum* (Edson) Fitzp.

**ရောဂါလက္ခဏာများ**

အပင်၏မြေပေါ်နှင့်မြေအောက်ပိုင်းတို့တွင် ရောဂါလက္ခဏာများဖြစ်ပေါ်ပါသည်။ အနားသတ်မှ စတင်ပြီးအရွက်ခြောက်ခြင်းကို တွေ့ရှိရသည်။ ပင်ခြေရင်းတွင်ရေစိုနာ အပြောက်များကိုတွေ့ရသည်။ ရောဂါပြင်းထန်သော အခြေအနေများတွင် တစ်ပင်လုံးပုံလဲသွားသည်။ ရောဂါကျရောက်မှုကြောင့် အမြစ်ဖွံ့ဖြိုးမှုလျော့နည်းစေပြီး အမြစ်နှင့်အမြစ်ဝန်းကျင်များဆွေးမြေ့ပျက်စီးစေသည်။



**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါကင်းသော (သို့) ရောဂါဒဏ်ခံနိုင်ရည်ရှိသောမျိုးကို ရွေးချယ်စိုက်ပျိုးပါ။
- ပြောင်း၊ ငရုတ်သီးနှံများဖြင့် သီးလှည့် (သို့) သီးညှပ်စိုက်ပျိုးခြင်းဆောင်ရွက်ပါ။
- အလင်းရောင်ကောင်းစွာရသောမြေတွင်စိုက်ပျိုးပြီး ရေပြတ်လပ်ခြင်းမရှိစေရ။
- ရောဂါကျရောက်နေသော အပင်များကို ဖယ်ရှားပစ်ပါ။
- အမြစ်များကို Mancozeb (မန်ကိုဇက်) (၃) ဂရမ် (သို့မဟုတ်) Metalaxyl (မီတယ်လဆီ) (၂.၅) ဂရမ်ကို ရေတစ်လီတာတွင် ရောစပ်၍ တစ်နာရီကြာ စိမ်ထား ပြီး မစိုက်မီ အရိပ်ထဲတွင်အခြောက်ခံပါ။
- စိုက်ခင်းမြေအား ရေတစ်လီတာလျှင် Mancozeb (မန်ကိုဇက်) (၃) ဂရမ် (သို့) Metalaxyl (မီတယ်လဆီ) (၃) ဂရမ်နှုန်းရောစပ်ထည့်သွင်းပါ။